မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ရပ်များကို နိုင်ငံတော်တရားရုံးချုပ်မှ တားမြစ်ပေးပါရန် လျှောက်ထားသင့်ပါကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

မြန်မာနိုင်ငံဝန်ကြီးချုပ် ဉက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ပါတီတည်ထောင်ခွင့်ပြုခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာသုံးသပ်ချက်ကို မြန်မာနိုင်ငံရှေ့နေများကောင်စီမှ (၁၉ – ၅ – ၂၀၁၀) ရက်နေ့တွင်ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံပိုင်ဘဏ္ဍာငွေကြေးများကို ပါတီပိုင်ဘဏ္ဍာငွေကြေးများအဖြစ် ပြောင်းလဲသုံးစွဲနေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ဆက်လက်ခွင့်ပြုထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အရည်အချင်းပြည့်မီခြင်းမရှိကြောင်း သိသာထင်ရှားသဖြင့် နိုင်ငံတော်တရားရုံးချုပ်မှ တားမြစ်ပေးပါရန် လျှောက်ထားသင့်ပါကြောင်း အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

၁။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်ပိုင်ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းပိုင်ဘဏ္ဍာငွေကြေးများကို ပါတီပိုင်ငွေကြေးများအဖြစ် ကြံ့ဖွံ့ပါတီ တည်ထောင်သည့်နေ့မှ စ၍ ပြောင်းလဲသုံးစွဲခဲ့သည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (၂/၂၀၁၀) ပုဒ်မ – ၇ (ဂ) တွင် နိုင်ငံတော်ပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရယူသုံးစွဲသည့်အဖွဲ့အစည်းသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခွင့်မရှိစေရ – ဟု အတိအလင်းပြဋ္ဌာန်းထားသည်။

၃။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ လက်မှတ်ရေးထိုးထုတ်ပြန်သည့် နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေအရ၊ နိုင်ငံတော်ပိုင်ငွေကြေးများနှင့် အသက်ရှင်ရပ်တည်လျက်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပေးခဲ့ခြင်းသည်ပင်လျှင် ရွေးကောက်ပွဲကော်မရှင်၏ မှားယွင်းသည့် ဆုံးဖြတ်ချက်အဖြစ် ကနဦးကတည်းကပင် အထင်အရှား ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။

၄။ ယခုတဖန် နိုင်ငံပိုင်ဘဏ္ဍာငွေကြေးများကို ရယူသုံးစွဲခွင့်ရှိသည့် အခွင့်ထူးခံပါတီအဖြစ် ဆက်လက်ရပ်တည်ရှင်သန်ခွင့်ပေးထားခြင်းမှာ ရွေးကောက်ပွဲကော်မရှင်ကိုယ်၌သည်ပင်လျှင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပေးနိုင်ရန် အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ထင်ရှားလျက်ရှိသည်။

၅။ ထို့ကြောင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နစ်နာသည့် နိုင်ငံရေးပါတီများနှင့် တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်လိုသော တာဝန်သိ နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဥပဒေကို မျက်ကွယ်ပြုသည့် လုပ်ရပ်များ၊ တရားဥပဒေစိုးမိုးရေးကို ပစ်ပယ်သည့်လုပ်ရပ်များကို တားမြစ်ပေးပါရန် နိုင်ငံတော်တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုသင့်ပါကြောင်း ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၆) ရက်။

**အသေးစိတ်သိရှိလိုပါလျှင် –**

ဦးမျိုး (တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့)
ဖုန်း – ၀၈၆၂၁၆၀၁၀၈